# နိုင်ငံရေးသမားတွေကြား ညီညွတ်ရေး ဘယ်လိုတည်ဆောက်မလဲ?
# How to create common ground in politics?

" ဒီကနေ့ မြန်မာပြည်မှာဖြစ်နေတာက ဒီမိုကရေစီဆိုတဲ့ခေါင်းစဉ်အောက်သွားနေကြတာလည်း မှန်တယ်။ နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကို အဓိက အရေးကြီးတယ်လို့ ထင်တယ်။ သဘောထားကွဲလွဲမှုမှာ တစ်ဦးချင်းရော၊ ပါတီဝင်အချင်းချင်းရော အဲဒါအားလုံးက ဘာပဲဖြစ်ဖြစ် နိုင်ငံတော်ရဲ့ အကျိုးစီးပွားကို ကြည့်ပြီးတော့မှ သဘောတူတယ် မတူဘူးဆိုတာကို တရားဝင်ထုတ်ဖော်သင့်တယ်လို့ ယူဆတယ်။ တချို့ကိစ္စတွေမှာ သဘောမတူပေမယ့်လို့ နိုင်ငံရဲ့ အကျိုးစီးပွားကို ကြည့်ပြီးတော့ မြိုထားရတာ ငုံထားရတာ ရှိတယ်။ "

**ဒေါက်တာတင့်ဆွေ( ၁၉၉၀ NLDလွှတ်တော်ကိုယ်စားလှယ်ဟောင်း )**

---

"သဘောထားကွဲလွဲတာက သဘာဝပဲ။ တစ်ယောက်နဲ့ တစ်ယောက်က မတူဘူး။အဓိကဖြစ်ရမှာကတော့ တစ်ယောက်နဲ့ တစ်ယောက်က နားလည်မှုရှိမယ်ဆိုရင် မတူတဲ့သဘောထားတွေကို ညှိရတာသိပ်လွယ်တယ်။ ညှိနှိုင်းရတာလွယ်အောင် သဘောထားညီညွတ်အောင်လုပ်မယ်၊ ကောင်းအောင်လုပ်မယ်ဆိုတဲ့ စိတ်ဓါတ်ကို အခြေခံထားရင် လွယ်ပါတယ်။ "

**ဦးသုဝေ - ဥက္ကဌ( ဒီမိုကရက်တစ်ပါတီ ၊ မြန်မာ )**

---

"တူတာကို ပေါင်းလုပ်မယ် မတူတာကိုခွဲလုပ်မယ် အဲလို စိတ်ဆန္ဒမျိုးရှိရင် ကျနော်တို့ ရှေ့ဆက်မသွားနိုင်စရာအကြောင်းမရှိပါဘူး"

**ဆရာစိုင်းလိတ် ( တွဲဖက်အတွင်းရေးမှူး ၁၊ SNLD)**

---

"ညီညွတ်ရေး Unity ဆိုတာပြောရတာလွယ်တယ်။ သို ့သော်မြန်မာ့လွတ်လပ်ရေးရာဇဝင်ကိုကြည့်ရင် တကယ်တမ်းလုပ်နိုင်တာ တစ်ယောက်ပဲရှိတယ်။ Unity is Strength (ညီညွတ်ခြင်းသည်အင်အား) ကိုတကယ်တမ်း နားလည်တာ ဗိုလ်ချုပ်အောင်ဆန်းတစ်ယောက်ပဲရှိတယ်။"

## ဘိုဘိုကျော်ငြိမ်း (နိုင်ငံရေးလေ့လာသူ)

---

"နိုင်ငံရေးသမားတွေကွဲတယ်ကွဲတယ်လို ့ပြောကြတယ်။ ဖဆပလခေတ်ကတည်းက ဒီကနေ ့အချိန်ထိပဲ။ နိုင်ငံရေးသမားအချင်းချင်းက ကွဲတာလား သို့မဟုတ် ပယောဂတစ်ခုခုကြောင့် ကွဲတာလား ဆိုတဲ့ အပေါ်မှာလည်း တကယ်တမ်းစမ်းစစ်သင့်တယ်။ "

## ဆရာစိုင်းလိတ် ( တွဲဖက်အတွင်းရေးမှူး ၁၊ SNLD)

---

"ဘာကြောင့်ညီညွတ်ခဲ့တာလဲဆိုတော့ စစ်အာဏာရှင်လက်ထက်မှာ နိုင်ငံရေးလုပ်တဲ့နေရာမှာ သတ္တိလိုတယ်။ အဖမ်းခံရမှာသိတယ်။ အဲဒီဟာကို ကျော်ဖို့ သတ္တိကလွယ်တဲ့ကိစ္စမဟုတ်ဘူးဗျ။ အခုက "လေ" နိုင်ငံရေးဖြစ်သွားညတာပေါ့။ ဟိုတုန်းကတော့ တကယ့်သတ္တိနိုင်ငံရေး။ အခုက ပြောနိုင်တဲ့ကောင် ဒို ့အရေးအော်တဲ့ညကောင်တွေက Opportunist အခွင့်အရေးသမားလို့ ခေါ်တဲ့ သူတွေများတယ်။ "

## ဘိုဘိုကျော်ငြိမ်း (နိုင်ငံရေးလေ့လာသူ)

---

" ပါတီတွေရဲ့ သဘောက ကိုယ့်ပါတီထဲမှာ အခုမှ ဂတ်စုံပြောင်းဂတ်တဲ့သူတွေ ပါဦးမှာပဲ။ အဲဒါကိုစစ်နိုင်ဖို့ တော့ ပါတီတွေမှာ တာဝန်ရှိတယ်။ "

## ဒေါက်တာတင့်ဆွေ( ၁၉၉၀ NLDလွှတ်တော်ကိုယ်စားလှယ်ဟောင်း )

---